# Highlights from DVB Debate’s Reducing Child Mortality Show
## August 6, 2016
## “How to reduce Child Mortality?”

“မွေးပြီးပြီးချင်း ပြုစုစောင့်ရှောက်မှုပိုင်းလည်း လိုအပ်တယ်၊ ဒီအဆင့်မှာ သေဆုံးနှုန်းက မြင့်နေတယ်။ ကျေးရွာတရွာမှာ သားဖွားဆရာမတဦးရှိရမယ် ဆိုတဲ့ ရည်မှန်းချက်ရှိတယ် လက်တွေ့ဖြစ်မလာဘူး။ သားဖွားဆရာမတွေ မွေးထုတ်ပေးနိုင်ပေမယ့် လက်တွေ့ထိထိရောက်ရောက် မသုံးနိုင်ဘူး”

ဒေါက်တာ မီမီကို - အထွေထွေရောဂါကုဆရာဝန်

---

“၅ နှစ်အောက် ကလေးသေဆုံးနှုန်းမှု ကိစ္စမှာ ၄၅ ရာနှုန်းသော ကလေးတွေ အာဟာရချို့တဲ့လို့သေနှုန်းကလည်း အချက်တချက်ပဲ။ ကိုယ်ဝန်ဆောင်မိခင်တွေ အစားရှောင်တာ အများကြီးရှိတယ် အစားတွေရှောင်တော့ မိခင်ကိုယ်တိုင်က အာဟာရချို့တဲ့မှုများလာပြီး ကလေးသေဆုံးမှုနှုန်းတွေ များလာတယ်”

ဦးဆွေလင်းမောင် - အာဟာရပိုင်း စီမံကိန်းအကြံပေး(Save the Children)

---

“ဖွားသေ ဆိုတဲ့ စကားက လွဲလွဲပြောနေတာ အမှန်က သေတာပေါ့။ ကိုယ်ဝန်ဆောင်မိခင်တွေက မသိကြလို့ အစာအာဟာရစုံအောင် မစားတာရှိသလို စားရမယ်ဆိုတာ သိပေမယ့် အခြေအနေအရ မစားနိုင်တဲ့ မိခင်တွေလည်း ရှိသေးတယ်ဗျ”

ဒေါက်တာနေဝင်း - မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ် အကြံပေး

---

“အရပ်လက်သည်တွေကို ထိန်းချုပ်မယ့် အစား...ထိန်းချုပ်တဲ့နည်းက မအောင်မြင်ဘူးဗျ။ ပြည်သူလူထုကို ပညာပေး ခေါ်ဆောင်တာမျိုးကမှ လက်တွေ့ကျကျ ပြောင်းလဲနိုင်မှာ”

ဒေါက်တာနေဝင်း - - မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ် အကြံပေး

---

“မွေးပြီးပြီးချင်းမှာ ကလေးကို မိခင်နို့ဦးရည် တိုက်ရတယ်. ရိုးရာဓလေ့တွေအရ နို့ဦးရည်မတိုက်ဘဲ ပျားရည်တိုက်တာတို့ ဘာတို့ကို ယုံကြည်နေကြတယ်။ အရန်သားဖွားဆရာမတွေ၊ အခြေခံကျန်းမာရေးလုပ်သားတွေ များများ မွေးထုတ်ပေးဖို့လည်း လိုပါတယ်”

ဦးဆွေလင်းမောင် - အာဟာရပိုင်း စီမံကိန်း အကြံပေး(Save the Children)

“အရန်သားဖွားဆရာမတွေ၊ အခြေခံကျန်းမာရေးလုပ်သားတွေ မွေးထုတ်နေတာ နှစ်ပေါင်း ၃၀ ရှိပြီ မအောင်မြင်ဘူး. သူတို့အတွက်က ဘာထောက်ပံ့မှု၊ ဘာပညာပေးမှုမှ မရှိဘူးလေ”

ပါမောက္ခ ဒေါက်တာ နန်းထွမ်းလှ - မြန်မာနိုင်ငံသူနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း)

---

“ကိုယ်ဝန်ဆောင်မိခင်တဦး အန္တရာယ်ရှိလာတဲ့ လက္ခဏာ အနည်းဆုံး ၅ ချက်လောက်ကို ပြ ပြည်သူတွေသိထားရင် မဆိုးလှဘူး”

ဒေါက်တာ မီမီကို - အထွေထွေရောဂါကုဆရာဝန်

---

“အခုလက်ရှိ အစိုးရအနေနဲ့ပေါ့ ၅ နှစ်အောက်ကလေးငယ် သေဆုံးနှုန်းလျှော့မယ်ဆိုတာ သူတို့ရွေးကောက်ပွဲမတိုင်ခင် ပြောခဲ့တဲ့ စာတမ်းတွေမှာလည်း ပါတယ်။ အစိုးရအနေနဲ့ ဘယ်လို မူဝါဒတွေချမှတ်လုပ်မလဲ ဆိုတာ သိချင်ပါတယ်။ နိုင်ငံတော်အဆင့်အနေနဲ့ရော ဘယ်လိုလုပ်မလဲပေါ့?”

ဦးသက်ကိုကို - ပရိသတ်

"သားဖွားဆရာမတွေဟာ လုပ်ငန်းခွင်ဝင်ဖို့အတွက် ၃-၅ နှစ်လောက် စောင့်ရတယ်။ ချက်ချင်း အလုပ်မဝင်ရတော့ သူတို့မှာ စောင့်နေတဲ့အချိန်အတွင်း အိမ်ထောင်ကျသွားတာရှိမယ်၊ တခြား အလုပ်ဝင်လုပ်သွားကြတာလည်းရှိတော့ ကြားထဲမှာ လေလွင့်မှုတွေရှိတယ်။ တနှစ်ကို သားဖွားဆရာမ ၁ဂဂဂ- ၁၂ဂဂ ဝန်းကျင် မွေးထုတ်ပေးနိုင်တယ်ဆိုပေမယ့် တကယ်တမ်း အရမ်းလိုအပ်လာရင် အဲဒီအရေအတွက်က မလုံလောက်တော့ဘူး"

ပါမောက္ခ ဒေါက်တာ နန်းထွမ်းလှ - မြန်မာနိုင်ငံသူနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း)